ဗွ်န်သူထအဿံ
The Mon Forum
HUMAN RIGHTS NEWSLETTER
အတွဲ(၈) ၊ အမှတ်(၇) ၊ အောက်တိုဘာလ ၃၁ ၊ ၂၀၂၃
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# စစ်ကောင်စီက ပြည်သူများကို ဖမ်းဆီးပြီး အကြမ်းဖက် ဥပဒေဖြင့် အမှုဖွင့်



စာမျက်နှာ (၃) သို့

## ကော့ကရိတ်တွင် ဒရုန်းပေါ်မှ ဗုံးပစ်ချတိုက်ခိုက်မှုကြောင့် စတုတ္ထတန်းကျောင်းသူတစ်ဦး သေဆုံး



အောက်တိုဘာ ၁၄၊ ၂၀၂၃

၂၀၂၃ အောက်တိုဘာလ (၁၃) ရက်နေ့ နေ့လည်ပိုင်းအချိန်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ် (၂) ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အနီးတွင် ဒရုန်းပေါ်မှဗုံးပစ်ချတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး ဗုံးပေါက်ကွဲမှုကြောင့် အသက် (၁၀) နှစ်အရွယ် စတုတ္ထ တန်းကျောင်းသူ (၁) ဦး သေဆုံးပြီး ကျောင်းသူ (၃) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ (၄) သို့

INSIDE

ပြည်သူ့ငွေဖြင့် ပြည်သူကိုပြန်သတ်ရန်ကြိုးပမ်းလာသည့် စစ်ကောင်စီ
စာမျက်နှာ (၈) သို့

စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်နေသည့်အတွက် ဝဲခမိကျေးရွာရှိ ခြံပိုင်ရှင်များ စိုးရိမ်ကြောက်လန့်နေရ
စာမျက်နှာ (၁၁) သို့

မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် ဖမ်းဆီးမှု အရေအတွက်
စာမျက်နှာ (၁၂) သို့

ပိုင်ဆိုင်မှုအထောက်အထားမခိုင်လုံသဖြင့် ရွာသားများ ချေးငွေရပိုင်ခွင့် ဆုံးရှုံး
စာမျက်နှာ (၁၇) သို့

၂၀၂၃ခုနှစ် (၉) လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း
စာမျက်နှာ (၂၄) သို့

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# ''ဆူးကြားကဘူးသီး''ဖြစ်နေသည့် ပြည်သူများ
## ( ၂၀၂၃ အောက်တိုဘာလအတွက် အယ်ဒီတာ့အာဘော် )

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၈) အမှတ် (၇) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင်ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံစုဆောင်းပြီး အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများမှ တဆင့် ပြည်သူလူထုကို တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေလျက်ရှိသည်။

၂၀၂၃ အောက်တိုဘာလ တတိယအပတ်အထိ မြို့နယ် (၁၂) မြို့နယ်မှ လူအခွင့်အရေးချိုးဖောက်မှုသတင်း အပုဒ်ရေ (၄၁) ပုဒ်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။ အဆိုပါသတင်းများ၏ တစ်ဝက်နီးပါးသည် စစ်ကောင်စီက ဒေသခံပြည်သူများကို မတရား ဖမ်းဆီးသတ်ဖြတ်သည့်သတင်းများ ဖြစ်သည်။

အခြေစိုက်စစ်စခန်းများ တစ်ခုပြီးတစ်ခု လက်လွှတ်ဆုံးရှုံးနေရသည့်စစ်ကောင်စီသည် ပြည်သူများအပေါ်အကြမ်းဖက်သည့်လုပ်ရပ်ကို ပိုမိုလုပ်ဆောင်လာသည်။ မတရားဖမ်းဆီးသတ်ဖြတ်ခံရသည့်အရေအတွက်များ ပိုမိုများပြားလာပြီး စစ်ရှောင်ဦးရေလည်း နေ့စဉ်နှင့် အမျှ မြင့်တက်လာနေဆဲ ဖြစ်သည်။

စစ်ကောင်စီက ပြည်သူများကို အကြမ်းဖက်နေသည့်အပြင် ပြည်သူတို့၏နေ့စဉ်လူနေမှုဘဝကိုလည်း ထိန်းချုပ်ကန့်သတ်လာသည်။ ကုန်ပစ္စည်းသယ်ယူခွင့် ပိတ်ပင်တားဆီးခြင်း၊ သွားလာခွင့်ကန့်သတ်ထိန်းချုပ်ခြင်းနှင့် ငွေကြေးမတရားကောက်ခံခြင်းများကို စိတ်ထင် တိုင်းပြုလုပ်လာသဖြင့် ပြည်သူများမှာ စစ်ရေးနှင့်အုပ်ချုပ်ရေးအကြား "ဆူးကြားကဘူးသီး" များပမာ ဖြစ်နေသည်။

မွန်ပြည်နယ်တွင် မြို့နယ် (၁၀) ခု ရှိသည့်အနက် (၅) မြို့နယ်တွင် ဆိုင်ကယ်စီးနင်းခွင့်ကို ကန့်သတ်ခဲ့သည်။ ကန့်သတ်ချက်ကို ချိုးဖောက်မိသူများကို ငွေကြေးမတရားတောင်းခံသည်။ လွတ်လပ်စွာသွားလာခွင့် ဆုံးရှုံးလိုက်ရသဖြင့် ပြည်သူများ၏နေ့စဉ်ဘဝ သာမက လုပ်ငန်းခွင်ဘဝကိုပါ အကြီးအကျယ်ထိခိုက်လာသည်။

စစ်ကောင်စီလက်ထက် တရားဥပဒေစိုးမိုးမှု မရှိသဖြင့် စစ်ကောင်စီအဖွဲ့ဝင်များက ပြည်သူများကို ၎င်းတို့စိတ်တိုင်းကျငွေညှစ်နေသည်။ မတရားဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးရန်အတွက် ငွေကြေးအဆမတန် တောင်းသည်။ "အမျိုးသား (၂) ဦး ဆိုင်ကယ်စီးသည်" ဟု ဆိုကာ ငွေညှစ်သည်။ မြို့ပေါ်များတွင်ပင် ဧည့်စာရင်းစစ်မည်ဟုဆိုကာ ကျပ်သိန်းချီငွေညှစ်သည့်ဖြစ်စဉ်များ ဖြစ်ပွားလာသည်။၎င်းပြင် လိုင်စင်မဲ့မော်တော်ယာဉ်ပိုင်ရှင်များထံမှလည်း ကျပ်သိန်းဆယ်ချီ လာဘ်ငွေရယူနေပြန်သည်။

တနင်္သာရီတိုင်းတွင် စစ်ကောင်စီက ထိုးစစ်ဆင်မှုများ တိုးမြှင့်လုပ်ဆောင်လာသဖြင့် စစ်ဘေးရှောင်ပြည်သူများမှာ နေရပ်မပြန်နိုင်သေး သည့်အပြင် စစ်ရှောင်ပြည်သူဦးရေလည်း အသစ်ထပ်မံတိုးပွားလာသည်။ စစ်ကောင်စီတပ်က နေအိမ်များကို မီးရှို့ဖျက်ဆီးလိုက်သဖြင့် ဒေသခံပြည်သူများမှာ "ပြန်စရာအိမ် မရှိသည့်" ဘဝသို့ ရောက်နေရသည်။

အချုပ်အားဖြင့် ၂၀၂၃ အောက်တိုဘာလတွင် မတရားဖမ်းဆီးသတ်ဖြတ်မှုများ ပိုမိုများပြားလာသည်။ စစ်ရှောင်ပြည်သူများ နေရပ်ပြန် နိုင်ခြင်း မရှိသည့်အပြင် စစ်ရှောင်ပြည်သူဦးရေသည် နေ့စဉ်နှင့်အမျှ အသစ်တိုးပွားလာနေသည်။ စစ်ရေးဘက်က ဖမ်းဆီးသတ်ဖြတ် ခြင်း၊ နေအိမ်မီးရှို့ခြင်းများ ပြုလုပ်နေချိန်တွင် အုပ်ချုပ်ရေးဘက်ကလည်း သွားလာခွင့်ကန့်သတ်ခြင်း၊ ကုန်စည်သယ်ဆောင်ခွင့် ပိတ်ပင်ခြင်းနှင့် ငွေကြေးမတရားကောက်ခံခြင်းများ ပြုလုပ်နေသဖြင့် ပြည်သူများမှာ "ဆူးကြားကဘူးသီး" ဖြစ်ကာ ဘက်ပေါင်းစုံတွင် အခက်အခဲအကြပ်အတည်း ဖြစ်နေသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်းမှတဆင့် စစ်တပ်က ၎င်းတို့ ကျူးလွန်ထားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့်အလေ့အထကို ချိုးဖျက်ရပ်တန့်ရန်လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၃ အောက်တိုဘာ။

# စစ်ကောင်စီက ပြည်သူများကို ဖမ်းဆီးပြီး အကြမ်းဖက် ဥပဒေဖြင့် အမှုဖွင့်



**အောက်တိုဘာ ၂၊ ၂၀၂၃**

စစ်ကောင်စီက မွန်ပြည်နယ် မော်လမြိုင်နှင့် သထုံမြို့နယ်များမှ ဒေသခံပြည်သူ (၂) ဦးကို ပြီးခဲ့သည့်စက်တင်ဘာလနောက်ဆုံး အပတ်တွင် ဖမ်းဆီးခဲ့ပြီး ယခုအခါ ၎င်းတို့ (၂) ဦးကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ထားကြောင်း မိသားစုနှင့်နီးစပ်သူများက ပြောသည်။

စက်တင်ဘာလ (၂၂) ရက်နေ့တွင် စစ်ကောင်စီပူးပေါင်းတပ်ဖွဲ့က သထုံမြို့ ဘင်လှိုင်ရပ်ကွက် သထုံ-ဘားအံကားလမ်းကို ပိတ်ဆို့ စစ်ဆေးစဉ် အသက် (၁၈) နှစ်အရွယ် မြို့ခံဖြစ်သ မအေးချမ်းမေကို ဖမ်းဆီးခဲ့သည်။ ၎င်း၏လက်ကိုင်ဖုန်းတွင် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့နှင့်ဆက်သွယ်ထားသည့် အချက်အလက်များ တွေ့ရှိခဲ့သည်ဟု စစ်ကောင်စီက စွပ်စွဲထားသည်။

စက်တင်ဘာလ (၂၇) ရက်နေ့တွင် မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက်နေ ကိုညီထက်အောင်ကို စစ်ကောင်စီက ၎င်း၏နေအိမ်တွင် အင်အားအလုံးအရင်းဖြင့် လာရောက်ဖမ်းဆီးခဲ့သည်။ ကိုညီထက်အောင်က ၎င်း၏ Facebook လူမှုကွန်ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့၏သတင်းများကို ပြန်လည်မျှဝေထားသည်ဟု စစ်ကောင်စီက စွပ်စွဲသည်။

မအေးချမ်းမေကို စက်တင်ဘာလ (၂၄) ရက်နေ့တွင် သထုံမြို့မရဲစခန်းက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)နှင့် (ခ) တို့ဖြင့် အမှုဖွင့်အရေးယူထားသကဲ့သို့ ကိုညီထက်အောင်ကိုလည်း ဇေယျာသီရိနယ်မြေရဲစခန်းက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က) ဖြင့် အမှုဖွင့်အရေးယူထားသည်။

“ဒီလမှာ မွန်ပြည်နယ်က ပြည်သူတွေ ခပ်စိတ်စိတ်အဖမ်းခံနေရတယ်။ အများစုကို အကြမ်းဖက်ဥပဒေနဲ့ပဲ အမှုဖွင့်ထားတယ်။ သူတို့ဖိနှိပ်လို့ရတဲ့ဒေသကို ပိုဖိနှိပ်တဲ့သဘောပဲ” ဟု နိုင်ငံရေးအကျဉ်းသားများအရေး ကူညီဆောင်ရွက်ပေးနေသူတစ်ဦးက ပြောသည်။

၂၀၂၃ စက်တင်ဘာလအတွင်း မွန်ပြည်နယ် သထုံ၊ ကျိုက်ထို၊ ပေါင်၊ မော်လမြိုင်နှင့် သံဖြူဇရပ်မြို့နယ်များမှ ဒေသခံပြည်သူ အယောက် (၄၀) ထက်မနည်း ဖမ်းဆီးခံခဲ့ရပြီး ဖမ်းဆီးခံပြည်သူ (၂၀) နီးပါးသည် မိသားစုဝင်များနှင့်အဆက်အသွယ်မရရှိဘဲ ပျောက်ဆုံးနေကြောင်း သိရသည်။

မွန်လူထုအသံ

# ကော့ကရိတ်တွင် ဒရုန်းပေါ်မှ ဗုံးပစ်ချတိုက်ခိုက်မှုကြောင့် စတုတ္ထတန်းကျောင်းသူတစ်ဦး သေဆုံး



**အောက်တိုဘာ ၁၄၊ ၂၀၂၃**

၂၀၂၃ အောက်တိုဘာလ (၁၃) ရက်နေ့ နေ့လည်ပိုင်းအချိန်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ် (၂) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အနီးတွင် ဒရုန်းပေါ်မှဗုံးပစ်ချတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး ဗုံးပေါက်ကွဲမှုကြောင့် အသက် (၁၀) နှစ်အရွယ် စတုတ္ထတန်းကျောင်းသူ (၁) ဦး သေဆုံးပြီး ကျောင်းသူ (၃) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

"ဘာတိုက်ပွဲမှ မရှိဘဲ ကျောင်းနဲ့မလှမ်းမကမ်းမှာ ဒရုန်းဗုံးကျတာ။ ကျောင်းသူ (၄) ယောက် ထိသွားတယ်။ လေးတန်းကျောင်းသူကတော့ ကော့ကရိတ်ဆေးရုံအရောက်မှာ ဆုံးသွားတယ်" ဟု လူမှုကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စတုတ္ထတန်းကျောင်းသူ မမိုးမိုးအေးသည် ရင်ဘတ်နှင့် လက်ကောက်ဝတ်တို့တွင် မိုင်းစထိမှန်ကာ သေဆုံးခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရသူ (၃) ဦးအနက် (၂) ဦးမှာ ပြင်းထန်သဖြင့် ကော့ကရိတ်ဆေးရုံမှ ဘားအံပြည်သူ့ဆေးရုံသို့ ပြောင်းရွှေ့ကာ ကုသမှုခံယူနေရကြောင်း သိရသည်။

အဆိုပါဒရုန်းတိုက်ခိုက်မှုသည် တော်လှန်ရေးအင်အားစုများက ကော့ကရိတ်ဆေးရုံကုန်းအနီးတွင် တပ်စွဲထားသော စစ်ကောင်စီတပ်ကို တိုက်ခိုက်ခြင်းဖြစ်သည်ဟု ပြောဆိုသော်လည်း မွန်လူထုအသံက သီးခြားအတည်ပြုနိုင်ခြင်း မရှိချေ။

ပေါက်ကွဲမှုပြီးနောက် ကော့ကရိတ်အခြေစိုက်စစ်ကောင်စီတပ်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ကြောင်း မြို့ခံများက ပြောသည်။

စာသင်ကျောင်းအနီးပေါက်ကွဲမှုကြောင့် လက်ရှိအချိန်တွင် ကျောင်းသား/သူမိဘများက ၎င်းတို့၏သားသမီးများ၏ အသက်အန္တရာယ်ကို စိုးရိမ်သဖြင့် ကျောင်းသို့စေလွှတ်ခြင်းမပြုကြောင်း သိရသည်။

"ဘာတိုက်ပွဲမှ မရှိဘဲ ကျောင်းနဲ့မလှမ်းမကမ်းမှာ ဒရုန်းဗုံးကျတာ။ ကျောင်းသူ (၄) ယောက် ထိသွားတယ်။ လေးတန်းကျောင်းသူကတော့ ကော့ကရိတ်ဆေးရုံအရောက်မှာ ဆုံးသွားတယ်"

# စစ်ကောင်စီတပ်က စစ်ကြောင်းထိုးပြီး ရွာသားများကို ဖမ်းဆီးရိုက်နှိုက်




**အောက်တိုဘာ ၁၆၊ ၂၀၂၃**

၂၀၂၃ အောက်တိုဘာလ (၁၃) ရက်နေ့တွင် တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာအနီးရှိ အင်းနီတွင်း ကျေးရွာကို စစ်ကောင်စီတပ်က စစ်ကြောင်းထိုးဝင်ရောက်လာ ပြီး ဒေသခံများကို ဖမ်းဆီးရိုက်နှက်ကာ နေအိမ်များကိုလည်း မီးရှို့ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

"(သူတို့က ရွာသားတွေကို မဖမ်းဘူး ပြောထားတော့) ရွာသားတွေ ကလည်း သူတို့ပြောတဲ့အတိုင်း မဖမ်းလောက်ဘူးဆိုပြီး အိမ်တံခါး ဖွင့်ပြီးနေ,နေကြတာ။ ဒါပေမဲ့ လူမြင်တာနဲ့ အိမ်ထဲကနေ ဆွဲထုတ် ပြီး ဖမ်းဆီးရိုက်နှက်တော့တာပဲ" ဟု ကျောက်နီမော်မှ စစ်ဘေး ရှောင်လာသူ ပြည်သူတစ်ဦးက ပြောသည်။

အင်းနီတွင်းရွာတွင် စစ်ရေးလှုပ်ရှားပါက စစ်ကောင်စီတပ်က ရေလမ်းကြောင်းကိုသာ အသုံးပြုလေ့ရှိပြီး ကျေးရွာအတွင်းသို့ ဝင်ရောက်လာမည်ဟု ရွာသားများက ထင်မှတ်မထားသဖြင့် အမျိုးသမီးအပါအဝင် ဒေသခံအများအပြား ဖမ်းဆီးရိုက်နှက်ခံလိုက် ရကြောင်း သိရသည်။

"စစချင်း အမျိုးသမီးကြီးတစ်ဦးကို ဖမ်းပြီးရိုက်တယ်။ ပြီးတော့ ပြန်လွှတ်ပေးလိုက်တယ်။ နောက်တော့ အမျိုးသား (၄) ယောက် ထပ်ဖမ်းပြီး ရိုက်တယ်။ (၂) ယောက်ပဲ ပြန်လွှတ်ပေးတယ်။ လက်ဖက်ရည်ဆိုင်မှာထိုင်နေတဲ့ ရွာသားအကုန်လုံးကိုလည်း ထိုင် လျက်မှောက်ခိုင်းထားတယ်။ အဲဒီမှာ အမျိုးသား (၁) ဦး ထပ်အ ရိုက်ခံရတယ်" ဟု အင်းနီတွင်းရွာသားတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်က နေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးခဲ့ပြီး နေအိမ် (၂) လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း မွန်လူထုအသံက သိရှိ ထားသည်။

"ကျွန်တော်တို့က ခြင်းခတ်နေတာ။ သူတို့ဝင်လာတာကို တွေ့တော့ ပြေးဖို့လုပ်တာ ပြေးရင် ပစ်သတ်မယ် ပြောတယ်။ အကုန်လုံးကို မှောက် ခိုင်းတယ်။ ကျွန်တော်တို့ကို ခြေထောက်နဲ့ ကန်တယ်" ဟု အဖမ်းခံရပြီး ပြန်လည်လွှတ်မြောက်လာသည့် အင်းနီတွင်းရွာမှ အမျိုးသားတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်အောက်တိုဘာလ (၄) ရက်နေ့က ကျောက်နီမော်ရွာသို့ စစ်ကြောင်းဝင်ရောက်လာခြင်းကြောင့် အနီးအနားကျေးရွာ (၃) ရွာမှ ဒေသခံပြည်သူ (၁,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရ သည်။

"ကျွန်တော်တို့က ခြင်းခတ်နေတာ။ သူတို့ဝင်လာ တာကို တွေ့တော့ ပြေးဖို့လုပ်တာ ပြေးရင် ပစ်သတ် မယ် ပြောတယ်။ အကုန်လုံးကို မှောက်ခိုင်းတယ်။ ကျွန်တော်တို့ကို ခြေထောက်နဲ့ ကန်တယ်"

# ကျိုက်ထိုတွင် စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် နေ့စဉ်ပစ်ခတ်နေသဖြင့် ဒေသခံများ စိုးရိမ်ကြောက်လန့်



အောက်တိုဘာ ၁၂၊ ၂၀၂၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ခရွဲနှင့် အနီးအနားကျေးရွာများကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် နေ့စဉ်ရက်ဆက်ပစ်ခတ်တိုက်ခိုက်နေသဖြင့် ဒေသခံပြည်သူများက ၎င်းတို့၏အသက်အန္တရာယ်နှင့် မိသားစုစားဝတ်နေရေးအတွက် စိုးရိမ်ကြောက်လန့်နေကြကြောင်း သိရသည်။

မွန်ပြည်နယ် သိမ်ဇရပ်မြို့အခြေစိုက် အမှတ် (၃၀၁) အမြောက်တပ်ရင်းနှင့် ပဲခူးတိုင်း ဝေါမြို့နယ် လက်ပံကျေးရွာအခြေစိုက် စစ်ကောင်စီတပ်ရင်းတို့က တစ်ရက်လျှင် လက်နက်ကြီး အနည်းဆုံး (၅) လုံးမှ (၁၀) လုံး ပစ်ခတ်နေခြင်းဖြစ်သည်။

"လက်နက်ကြီးက နေ့တိုင်းပစ်နေတာ။ ဘာမှလုပ်စားလို့ မရဘူး။ အသံကြားတာနဲ့ ဖုံးခိုကျင်းထဲ ပြေးပြေးနေရတယ်။ ဒီမှာက အားလုံးနီးပါး ဖုံးခိုကျင်းတူးထားရတာ။ ကုန်စျေးနှုန်းကလည်းတက် အလုပ်ကလည်းလုပ်လို့မရဘူးဆိုတော့ ငတ်ဖို့ပဲ ရှိမယ်" ဟု ခရွဲဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်က ကျိုက်ထိုမြို့နယ် ခရွဲ၊ ချောင်းဝ၊ ကညင်အိုင်နှင့် ကျောက်ပုံကြီးကွင်းကျေးရွာတို့ကို အဓိက,ပစ်မှတ်ထားပြီး လက်နက်ကြီးဖြင့် ပစ်ခတ်နေသည်။ ငွေကြေးချမ်းသာသည့်ဒေသခံများက သိမ်ဇရပ်နှင့် ကျိုက်ထိုမြို့ပေါ်သို့ ပြောင်းရွှေ့နေကြသည်။

"လက်နက်ကြီးက နေ့တိုင်းပစ်နေတာ။ ပိုက်ဆံရှိတဲ့သူတွေကတော့ သိမ်ဇရပ်ဘက်ခြမ်း ပြောင်းကုန်ကြပြီ။ (ကျွန်တော်/မတို့ကတော့) ဒီလိုပဲ ကြောက်ကြောက်နဲ့ နေ,နေရတာ" ဟု ချောင်းဝဒေသခံတစ်ဦးက ပြောသည်။

အောက်တိုဘာလ (၁၁) ရက်နေ့တွင် ချောင်းဝကျေးရွာအတွင်း လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သဖြင့် နေအိမ် (၁) လုံးနှင့် ဆိုင်ကယ် (၁) စီး ထိခိုက်ပျက်စီးခဲ့ပြီး နွား (၂) ကောင်လည်း ဒဏ်ရာရရှိခဲ့သည်။

**"လက်နက်ကြီးက နေ့တိုင်းပစ်နေတာ။ ပိုက်ဆံရှိတဲ့သူတွေကတော့ သိမ်ဇရပ်ဘက်ခြမ်း ပြောင်းကုန်ကြပြီ။ (ကျွန်တော်/မတို့ကတော့) ဒီလိုပဲ ကြောက်ကြောက်နဲ့ နေ,နေရတာ"**

# ကော့ကရိတ်တွင် လက်နက်ကြီးကြောင့် အရပ်သား(၂)ဦး ထိခိုက်



**အောက်တိုဘာ ၁၀၊ ၂၀၂၃**

၂၀၂၃ အောက်တိုဘာလ (၆) ရက်နေ့ ညနေပိုင်းတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးကျည် (၂) လုံး ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် (၁၀) နှစ်အရွယ် ကလေးငယ် (၁) ဦးနှင့် အသက် (၄၆) နှစ်အရွယ် အမျိုးသား (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံလူမှုကယ်ဆယ်ရေးအဖွဲ့ထံမှ သိရသည်။

"ဘာတိုက်ပွဲမှ မရှိဘူး။ ကလေးတစ်ယောက်နဲ့ လူကြီးတစ်ယောက် ထိတယ်။ ကလေးကတော့ သိပ်မများဘူး။ ကိုအောင်ကိုလတ်ကို တော့ ဘားအံဆေးရုံပို့ထားတယ်။ ခန္ဓာကိုယ်မှာ မိုင်းစတွေ အများကြီးထိသွားတယ် ပြောတယ်" ဟု ကော့ကရိတ်ဒေသခံတစ်ဦးက ပြောသည်။

ဒဏ်ရာရကလေးငယ်ကိုလည်း လူမှုကယ်ရေးအသင်းက ကော့ကရိတ် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အောက်တိုဘာလ (၃) ရက်နေ့ကလည်း ကော့ကရိတ်မြို့နယ် အံဖကြီးကျေးရွာအတွင်းသို့ လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် (၅၆) နှစ်အရွယ် အမျိုးသမီး (၁) ဦး ဝမ်းဗိုက်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကရင်အမျိုးသား အစည်းအရုံး၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

ကော့ကရိတ်မြို့သည် တော်လှန်ရေးအင်အားစုများက မြို့သိမ်းတိုက်ပွဲဆင်နွှဲဖူးသည့် မြို့တစ်မြို့ဖြစ်ပြီး ၂၀၂၃ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် စစ်ကောင်စီက စစ်အုပ်ချုပ်ရေးကြေညာခဲ့သည့်မြို့လည်း ဖြစ်သည်။

# ဇဝဲဂိတ်ပိတ်ထားမှုကြောင့် ကျေးရွာအချို့ ဆန်ပြတ်လပ်ပြီး ကုန်ဈေးနှုန်းတက်




"စက်တင်ဘာ (၂၅) ရက်နေ့မှာ တကူးကျေးရွာဘက်က ဆန်လုံးဝ ပြတ်သွားတယ်။ အနီးအနားရွာတွေဆိုရင် မုန့်တီခြောက်တွေဝယ် ပြီး စားသောက်နေရတယ်" ဟု တကူးကျေးရွာအုပ်စုမှ ဒေသခံ တစ်ဦးက ပြောသည်။

ဇဝဲဂိတ်ကို ပိတ်ပင်လိုက်ခြင်းကြောင့် တကူးကျေးရွာအုပ်စုရှိ တကူး၊ သာရသွင်၊ သိန္ဓော၊ ကော့မပြင်းစသည့်ကျေးရွာများတွင် ဆန်ပြတ်လပ် ပြီး ကုန်ဈေးနှုန်းမြင့်တက်နေသည်။

**အောက်တိုဘာ ၂၊ ၂၀၂၃**

တနင်္သာရီတိုင်း တနင်္သာရီမြို့နယ်ရှိ လမ်းသုံးခွဆုံမှတ်ဖြစ်သည့် ဇဝဲကျေးရွာစစ်ဆေးရေးဂိတ်ကို စစ်ကောင်စီတပ်က ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ဆက်တိုက်ပိတ်ဆို့မှု ပြုလုပ်လာသဖြင့် ကျေးရွာအချို့တွင် ဆန်ပြတ်လပ်မှု ဖြစ်ပေါ်နေပြီး စားသောက်ကုန် ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း သိရသည်။

"ဆိုင်ကယ်ကအစ ဖြတ်ခွင့်မပေးဘူး ပြောလိုက်တော့ ဘယ်သူ မှ မသွားရဲကြတော့ဘူး။ အခု ဂိတ်ရှေ့မှာ ကျောက်၊ သဲဖြည့်ထား တဲ့တိုင်ကီးပုံးတွေနဲ့ လမ်းပိတ်ထားတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

လမ်းပန်းဆက်သွယ်ရေးပြတ်တောက်သွားခြင်းကြောင့် ဆန်ကြမ်း တစ်အိတ်လျှင် တစ်သိန်းငါးထောင်ကျပ်အထိ ဈေးနှုန်းမြင့်တက် သွားကြောင်း သိရသည်။

# ပြည်သူ့ငွေဖြင့် ပြည်သူကိုပြန်သတ်ရန်ကြိုးပမ်းလာသည့် စစ်ကောင်စီ




တစ်နိုင်ငံလုံးကို စစ်မျက်နှာဖွင့်ထားသည့်စစ်ကောင်စီသည် စစ်လက်နက်ဝယ်ယူရန်အတွက် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ အမြောက်အမြားလိုအပ်နေသည်။

အာဏာသိမ်းမှုကြောင့် နိုင်ငံတကာအကူအညီနှင့် ချေးငွေများ ရပ်ဆိုင်းခြင်း၊ ပို့ကုန်ဝင်ငွေကျဆင်းလာခြင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းက စီးပွားရေးပိတ်ဆို့မှုများကို ထိထိရောက်ရောက်ချမှတ်လာခြင်းများအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ဝင်ရောက်မလာခြင်းတို့ကြောင့် စစ်ကောင်စီ၏ နိုင်ငံခြားဝင်ငွေသည် သိသိသာသာကျဆင်းလာသည်။ စစ်ကောင်စီ၏အဓိက အားကိုးရာဖြစ်သည့် စင်ကာပူနိုင်ငံကပါ စစ်တပ်ပိုင်ဘဏ် (၂) ကို အဆက်အသွယ်ဖြတ်တောက်လိုက်ရာ စစ်ကောင်စီ၏ အမေရိကန်ဒေါ်လာလိုအပ်ချက်သည် အမြင့်ဆုံးအနေအထားသို့ ရောက်ရှိလာသည်။

စစ်လက်နက်ဝယ်ယူရန်အတွက် ဒေါ်လာငွေလိုအပ်ချက် ကြီးမားလာသည့် စစ်ကောင်စီသည် ကြံရာမရသည့်အဆုံး ပြည်သူ့ငွေဖြင့် ပြည်သူကိုပြန်သတ်ရန် ကြိုးစားလာသည်။

ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများအနေဖြင့် ဝင်ငွေ၏ (၂၅) ရာခိုင်နှုန်းကို ပြည်တွင်းဘဏ်များသို့ တရားဝင်ငွေလွှဲစနစ်ဖြင့် မဖြစ်မနေလွှဲပြောင်းပေးရမည် ဖြစ်ပြီး အဆိုပါထုတ်ပြန်ချက်ကို မလိုက်နာပါက ပြည်ပထွက်အလုပ်လုပ်ခွင့် (၃) နှစ် ပိတ်ပင်မည်ဖြစ်ကြောင်း စစ်ကောင်စီက ၂၀၂၃ စက်တင်ဘာလ (၁) ရက်နေ့တွင် ဥပဒေပြုထုတ်ပြန်လာသည်။

"သူများနိုင်ငံမှာ ပင်ပင်ပန်းပန်းနဲ့ ကျွန်လာလုပ်ပြီး ရှာထားတဲ့ပိုက်ဆံကို သူတို့ကို (၂၅) ရာခိုင်နှုန်း လွှဲပေးရမယ်ဆိုတာ လုံးဝမတရားဘူး။ သူများနိုင်ငံမှာ ဒုက္ခရောက်တုန်းက ဘယ်သူမှလာမဖြေရှင်းပေးဘူး" ဟု ထိုင်းရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားတစ်ဦးက ပြောသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် ရှုပ်ထွေးသည့်ဘဏ်စနစ်ထက် လျင်မြန်ထိရောက်သည့် တရားမဝင်ငွေလွှဲလုပ်ငန်းဖြင့်သာ မိသားစုဝင်များထံ ငွေလွှဲလေ့ရှိသည်။

အဆိုပါဥပဒေကို ထုတ်ပြန်ပြီးနောက် မွန်ပြည်နယ်အတွင်းရှိ တရားမဝင်ငွေလွှဲလုပ်ငန်းလုပ်ကိုင်နေသူများကို စစ်ကောင်စီက လိုက်လံဖမ်းဆီးလာသည်။

စက်တင်ဘာလ (၁၅) ရက်နေ့နှင့် (၁၇) ရက်နေ့များတွင် မွန်ပြည်နယ် ကျိုက်ထို၊ ပေါင်နှင့် သထုံမြို့နယ်များမှ ငွေလွှဲလုပ်ငန်းလုပ်ကိုင်သူ (၅) ဦးကို စစ်ကောင်စီက ဖမ်းဆီးပြီး ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာဥပဒေပုဒ်မ (၁၇၁) ဖြင့် အမှုဖွင့်အရေးယူလိုက်သည်။

"ပြည်တွင်းက ငွေလွှဲလုပ်ကိုင်သူတွေကို လိုက်ဖမ်းတာက ပြည်ပက အလုပ်သမားတွေ ဘဏ်စနစ်နဲ့ငွေလွှဲဖို့အတွက် လုပ်တာ။ ဘဏ်ကနေ ငွေလွှဲရင် သူတို့အတွက် (၂၅) ရာခိုင်နှုန်း ရမှာလေ" ဟု ပြည်သူတစ်ဦးက ပြောသည်။

တိုင်းပြည်၏ သယံဇာတအရင်းအမြစ်များကို အသုံးပြုပြီး ပြည်သူကို သတ်ဖြတ်နေသည့် စစ်ကောင်စီ၏လုပ်ရပ်ကို ရှုံ့ချစက်ဆုပ်သည့်အပြင် စစ်ကောင်စီက သတ်မှတ်ထားသည့် ငွေလဲနှုန်းသည် ပြင်ပဈေးကွက်ရှိ ငွေလဲနှုန်းနှင့် များစွာကွာခြားနေသဖြင့် ပြည်ပရောက်မြန်မာအလုပ်သမားများက ဘဏ်စနစ်ဖြင့် ငွေလွှဲရန်ဆန္ဒမရှိချေ။

၂၀၂၃ စက်တင်ဘာလ (၁၉) ရက်နေ့တွင် ပြင်ပငွေလဲနှုန်းသည် ထိုင်းဘတ် (၁) ဘတ်လျှင် မြန်မာငွေ (၉၆.၅) ကျပ် ရှိသော်လည်း စစ်ကောင်စီထိန်းချုပ်ထားသည့်ဘဏ်များက ထိုင်းဘတ် (၁) ဘတ်လျှင် မြန်မာငွေ (၅၅) ကျပ်သာ ပေးသည်။ ပြင်ပဈေးကွက်တွင် အမေရိကန်ဒေါ်လာ (၁) ဒေါ်လာလျှင် (၃,၀၀၀) ကျော် ဈေးပေါက်နေချိန်တွင် ဘဏ်များက (၁) ဒေါ်လာလျှင် (၂,၀၀၀) ကျပ်ကျော်သာ သတ်မှတ်ထားသည်။

အာဏာသိမ်းပြီးနောက်ပိုင်း ပြည်ပထွက်အလုပ်လုပ်ကိုင်လိုသူများ ယခင်ကထက် အဆမတန်ပိုမိုများပြားလာပြီး MOU စနစ်ဖြင့် တရားဝင်အလုပ်လုပ်ကိုင်နေသူများအပြင် တရားမဝင်လမ်းကြောင်းမှသွားရောက်လုပ်ကိုင်နေသူများလည်း အများအပြားပင် ရှိသည်။

"MOU လာတဲ့အလုပ်သမားတွေက စာချုပ်ချုပ်ထားတာကတစ်မျိုး လုပ်နေရတာကတစ်မျိုး။ MOU ခေါ်တယ်ဆိုပေမဲ့ ဒီရောက်တော့ အလုပ်က မရှိဘူး။ အလုပ်ရဖို့ လနဲ့ချီစောင့်ရတာတွေ ရှိတယ်။ အရမ်းဒုက္ခရောက်တယ်" ဟု ထိုင်းရောက်ရွှေ့ပြောင်းအလုပ်သမားတစ်ဦးက ပြောသည်။

စစ်ကောင်စီ၏လုပ်ရပ်သည် အလုပ်သမားများ၏ လုပ်အားခကို မတရားခေါင်းပုံဖြတ်ခြင်းသာ ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

လုပ်ခလစာငွေ၏ (၂၅) ရာခိုင်နှုန်းကို တရားဝင်ဘဏ်စနစ်ဖြင့် ပြည်တွင်းသို့မဖြစ်မနေပြန်လည်လွှဲပြောင်းပေးမည်ဖြစ်ကြောင်း အလုပ်သမားစာချုပ်တွင် ထည့်သွင်းချုပ်ဆိုရန် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများကို စစ်ကောင်စီက ညွှန်ကြားထားသည်။

"ဒီရက်ပိုင်း ကိုးရီးယားသွားမယ့်သူငယ်ချင်းတစ်ယောက်က ပြည်ပမထွက်ခင်မှာ လစာရဲ့ (၂၅) ရာခိုင်နှုန်းကို မဖြစ်မနေပြန်လွှဲပေးမယ်ဆိုတဲ့အကြောင်း လက်မှတ်ထိုးပေးလိုက်ရတယ်။ မထိုးလို့ မရဘူး" ဟု သတင်းအရင်းအမြစ်တစ်ဦးက ပြောသည်။

အလုပ်သမားများကို မတရားအာဏာပြဖိနှိပ်ခြင်းနှင့် အလုပ်သမားများ၏ လုပ်ခလစာကို ခေါင်းပုံဖြတ်ခြင်းသည် (၁၉၉၉) ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို ကျော်လွန်လုပ်ဆောင်ခြင်းဖြစ်ပြီး ပြည်သူများကိုညှင်းပန်းနှိပ်စက်ခြင်းသာဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက ပြောဆိုထားသည်။

"လက်မှတ်တော့ ထိုးလိုက်ရပြီ။ ဟိုရောက်ရင် ဘယ်လိုပုံစံနဲ့ ငွေလွှဲရမလဲ သေချာမသိဘူး" ဟု သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

# စစ်ခေါင်းဆောင်ကို လူမှုကွန်ရက်တွင်ဝေဖန်မှုကြောင့် ပြည်သူ(၂)ဖမ်းဆီးခံရ




**အောက်တိုဘာ ၆၊ ၂၀၂၃**

အာဏာသိမ်းခေါင်းဆောင်ကို ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုကွန်ရက်တွင် ဝေဖန်ရေးသားသည်ဟု စွပ်စွဲကာ မွန်ပြည်နယ် ဘီးလင်းနှင့် ပေါင်မြို့နယ်များမှ ဒေသခံပြည်သူ (၂) ဦးကို ၂၀၂၃ အောက်တိုဘာလ ပထမအပတ်အတွင်း စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။

အောက်တိုဘာလ (၂) ရက်နေ့တွင် ဘီးလင်းမြို့နယ် အလူးကျေးရွာနေ "Min Tun Myat Aung" Facebook Account ပိုင်ရှင်ဆိုသူ ကိုမင်းထွန်းမြတ်အောင်ကို စစ်ခေါင်းဆောင်ကို ဝေဖန်သည်ဟုဆိုကာ စစ်ကောင်စီတပ်က ၎င်း၏နေအိမ်တွင်ပင် လာရောက်ဖမ်းဆီးခဲ့သည်။

အောက်တိုဘာလ (၃) ရက်နေ့တွင်လည်း ပေါင်မြို့နယ် ကျွဲခြံကျေးရွာနေ "Aye Ni Ni Aung" Facebook Account ပိုင်ရှင်ဆိုသူ မအေးနီနီအောင်ကို အလားတူစွပ်စွဲချက်ဖြင့် စစ်ကောင်စီတပ်က အင်အားအလုံးအရင်းဖြင့် ညပိုင်းတွင် လာရောက်ဖမ်းဆီးခဲ့ပြန်သည်။

"ကျွန်တော်တို့သိရသလောက်ဆို ဆန္ဒပြပွဲတွေမှာ ပါခဲ့ဖူးတဲ့သူတွေ ပြီးတော့နာမည်နည်းနည်းရှိတဲ့သူတွေကို (စစ်ကောင်စီက) စောင့်ကြည့်ခိုင်းထားတာ။ ဘီးလင်းနဲ့ပေါင်က နှစ်ယောက်စလုံးက "မအလ" ကို ဝေဖန်တဲ့ပို့စ်တွေတင်လို့ အဖမ်းခံလိုက်ရတယ်" ဟု စစ်ကောင်စီနှင့်နီးစပ်သူတစ်ဦးက ပြောသည်။

ဖမ်းဆီးခံရသည့်ဒေသခံ (၂) ဦးကို ပေါင်မြို့မရဲစခန်းနှင့် ဘီးလင်းမြို့မရဲစခန်းတို့တွင် ချုပ်နှောင်ထိန်းသိမ်းထားပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က) နှင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) တို့ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ပြီးခဲ့သည့်စက်တင်ဘာလနောက်ဆုံးအပတ်ကလည်း မွန်ပြည်နယ် သံဖြူဇရပ်မြို့ "ကျော်ကျော်ကြား" ဖုန်းပြုပြင်ရောင်းဝယ်ရေးဆိုင်မှ ဆိုင်ပိုင်ရှင်နှင့် ဝန်ထမ်း (၂) ဦးကို အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့၏ လှုပ်ရှားမှုသတင်းကို လူမှုကွန်ရက်တွင်ပြန်လည်မျှဝေသည်ဟုဆိုကာ သံဖြူဇရပ်မြို့မရဲစခန်းက ဖမ်းဆီးအမှုဖွင့်ခဲ့သည်။

# စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်နေသည့်အတွက် ဝဲခမိကျေးရွာရှိ ခြံပိုင်ရှင်များ စိုးရိမ်ကြောက်လန့်နေရ



**အောက်တိုဘာ ၉၊ ၂၀၂၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲခမိကျေးရွာနှင့် အောက်ငှက်ပျော တောကျေးရွာရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၏ စစ်ဆေးရေးဂိတ်ကို သံဖြူဇရပ်နှင့် ရေးမြို့နယ်အခြေစိုက် စစ်ကောင်စီအမြောက်တပ်များက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်နေသည့်အတွက် အနီးအနားရှိဥယျာဉ်ခြံများမှ ခြံပိုင်ရှင်များက စိုးရိမ်ကြောက်လန့်နေကြောင်း သိရသည်။

“ဝဲကလိအမြောက်တပ်ကနေ အဲစစ်ဆေးရေးဂိတ်ကို မကြာခဏ လှမ်းပစ်နေတာပဲ။ ပြီးခဲ့တဲ့စက်တင်ဘာ (၂၀) တုန်းကပစ်တာ လူထိခိုက်တာ ရှိတယ်။ ဗုံးက ရော်ဘာခြံထဲ ကျပြီးပေါက်ကွဲခဲ့တယ်” ဟု ဒေသခံသတင်းအရင်းအမြစ်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်မှစ၍ ဝဲခမိအပါအဝင် အနီးအနားကျေးရွာများမှ ခြံပိုင်ရှင်များက မိမိတို့ခြံတွင် နေထိုင်ခြင်းမပြုတော့ဘဲ နေအိမ်မှတဆင့်သာ ရာဘာအစေးခြစ် သွားရောက်လုပ်ကိုင်နေကြကြောင်း ဝဲခမိကျေးရွာမှ ခြံပိုင်ရှင်တစ်ဦးက ပြောသည်။

“PDF ဂိတ်စလုပ်တဲ့ မနှစ်ကတည်းက ခြံပိုင်ရှင်တွေ မနေရဲဘဲ ထွက်ပြေးတိမ်းရှောင်နေကြတာလည်း ရှိတယ်။ ရှိနေတဲ့လူတွေကလည်း ဘယ်အချိန်အန္တရာယ်ဖြစ်မလဲ တွေးပြီး စိုးရိမ်ကြောက်လန့်နေကြတယ်” ဟု အဆိုပါခြံပိုင်ရှင်က ပြောသည်။

လာမည့်ပွင့်လင်းရာသီတွင် ပစ်ခတ်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာမည်ကိုလည်း ခြံပိုင်ရှင်များက စိုးရိမ်နေကြသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း ရေး-သံဖြူဇရပ် လမ်းပိုင်းတွင် အိမ်စီးကား၊ ခရီးသည်တင်ကား၊ ကုန်တင်ကားနှင့် မော်တော်ဆိုင်ကယ်များ မကြာခဏပစ်ခတ်ခံနေရပြီး အရပ်သား ထိခိုက်သေဆုံးမှုများလည်း ရှိသည်။

# မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု၊ ဒဏ်ရာအနာတရ နှင့် ဖမ်းဆီးမှု အရေအတွက်

## ဇန်နဝါရီလ မှ စက်တင်ဘာလအထိ ၂၀၂၃

ကရင်ပြည်နယ် - 2 ဦး

မွန်ပြည်နယ် - 9 ဦး

တနင်္သာရီတိုင်းဒေသ- 2 ဦး




ဒဏ်ရာအနာတရ ထိခိုက်သူ ဦးရေ စုစုပေါင်း = ၁၃ ဦး

| | |
|---|---|
| ကလေးသူငယ် | - ၁ ဦး |
| အမျိုးသမီး ( ၁၆ နှစ်အောက်) | - ၁ ဦး |
| အမျိုးသားဦးရေ ( ၁၈-၆၀ နှစ်ကြား) | - ၇ ဦး |
| အမျိုးသမီးဦးရေ(၁၈-၆၀ နှစ်ကြား) | - ၂ ဦး |
| အမျိုးသားဦးရေ( ၆၀ အထက်) | - ၂ ဦး |

# မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (၉)လအတွင်း ဖမ်းဆီးမှု အရေအတွက်

မတရားချုပ်နှောင်မှု နှင့် ဖမ်းဆီးမှု - (1182) ဦး



# ရေဖြူတွင် စစ်ကြောင်းထပ်မံဝင်ရောက်လာသဖြင့် ကျေးရွာ (၅)ရွာမှ ပြည်သူများ ထွက်ပြေးနေရ




**အောက်တိုဘာ ၁၀၊ ၂၀၂၃**

၂၀၂၃ အောက်တိုဘာလ (၉) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ်အတွင်းသို့ စစ်ကောင်စီတပ်က စစ်ကြောင်းထိုးဝင် ရောက်လာသည့်အတွက် ကျေးရွာ (၅) ရွာမှ ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

ရေဖြူမြို့နယ် အနောက်ဘက်ကမ်းရှိ ကျေးရွာများကို စစ်တပ်က ပြီးခဲ့သည့်စက်တင်ဘာ (၂၂) ရက်နေ့မှ အောက်တိုဘာ (၃) ရက်နေ့ အထိ (၁၃) ရက်ကြာ စစ်ကြောင်းထိုးနေပြီး ယခုအောက်တိုဘာ (၉) ရက်နေ့တွင် စစ်အင်အား (၅၀) ခန့် ထပ်မံဝင်ရောက်လာခြင်း ဖြစ်သည်။

"စစ်ကြောင်းထိုးနေတာ ပုဂေါဇွန်းနဲ့ ရလိုင်ဘက်မှာဆိုပေမဲ့ ပြီးခဲ့တဲ့အခေါက်တုန်းက ရွာဘက်ကို ရောက်လာတော့ ကြိုပြီး ရှောင်နေရတယ်။ အဲရွာ (၂) ရွာမှာတော့ အိမ်တွေကို ရိုက်ဖျက် မီးရှို့ဖျက်ဆီးတယ်လို့ ကြားရတယ်" ဟု ကေနိရွာခံတစ်ဦးက ပြောသည်။

စစ်ကြောင်းထပ်မံဝင်ရောက်လာခြင်းကြောင့် ပုဂေါဇွန်း၊ ရလိုင်၊ ခမောင်းချောင်း၊ ဝဇွမ်းတောနှင့် ကေနိကျေးရွာများမှ ဒေသခံ ပြည်သူများ ထွက်ပြေးနေရသည်။

"အရပ်သားတွေ အဖမ်းခံရတာလည်း ရှိတယ်။ မနေ့က (အောက်တိုဘာ (၉) ရက်နေ့က) ညနေ (၆) နာရီနောက်ပိုင်းမှာ အိမ်တွေကို စပြီးမီးရှို့တယ်။ ရွာသားအများစုကတော့ သစ်တိုထောင်ရွာဘက်ကို ရှောင်နေရတယ်" ဟု နဘုလယ်ရွာခံတစ်ဦးက ပြောသည်။

အောက်တိုဘာလ (၁၀) ရက်နေ့တွင် စစ်ကောင်စီတပ်က ပုဂေါဇွန်း ကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ပြီး နေအိမ် (၃) လုံးကို မီးရှို့ ဖျက်ဆီးခဲ့သည်။ ၎င်းပြင် ရလိုင်ရွာတွင်လည်း ဖုန်းဆိုင် (၁) ဆိုင်နှင့် ဆီဆိုင် (၁) ဆိုင်ကိုလည်း စစ်တပ်က မီးရှို့ဖျက်ဆီးခဲ့သည်။

အလားတူ လောင်းလုံးမြို့နယ် အနောက်မြောက်ဘက် စခန်းကြီး ကျေးရွာအုပ်စုကိုလည်း စစ်ကောင်စီတပ်က စစ်ကြောင်းထိုးဝင် ရောက်လာသဖြင့် ဒေသခံများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

"

> "အရပ်သားတွေ အဖမ်းခံရတာလည်း ရှိတယ်။ မနေ့က (အောက်တိုဘာ (၉) ရက်နေ့က) ညနေ (၆) နာရီနောက်ပိုင်းမှာ အိမ်တွေကို စပြီးမီးရှို့တယ်။ ရွာ သား အ များ စု က တော့ သ စ် တို ထော င် ရွာ ဘ က် ကို ရှောင်နေရတယ်"

# စစ်ကောင်စီတပ်ကဖမ်းသွားသည့် ရွာသား(၃)ဦးအနက် (၁)ဦး၏ရုပ်အလောင်းကို ထားဝယ်မြစ်တွင် တွေ့ရှိ




**အောက်တိုဘာ ၁၁၊ ၂၀၂၃**

၂၀၂၃ အောက်တိုဘာလ (၁) ရက်နေ့တွင် စစ်ကောင်စီတပ်က တနင်္သာရီတိုင်း ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာမှ ရွာသား (၃) ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့ (၃) ဦးအနက် (၁) ဦး၏ရုပ်အလောင်းကို အောက်တိုဘာလ (၆) ရက်နေ့တွင် ညောင်ဇင်ရွာအနောက်ဘက် ထားဝယ်မြစ်အတွင်း၌ တွေ့ရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။

“သူတို့ကို အနောက်ဘက်မြစ်ကမ်းဘက်ကို ဖမ်းခေါ်သွားတာ။ ညနေပိုင်းမှာ သေနတ်သံကြားတယ်လို့ အနီးအနားကဒေသခံတွေက ပြောတယ်။ ဒေသခံတွေ ကူးတို့ဆိပ်ဘက်သွားတဲ့အခါမှာ သွေးကွက်တွေ တွေ့ရတယ်” ဟု မောင်မယ်ရှောင်ဒေသခံတစ်ဦးက ပြောသည်။

စက်တင်ဘာလ (၃၀) ရက်နေ့တွင် ထားဝယ်မြို့အကျဉ်းထောင်မှ ဝန်ထမ်း (၂) ဦး သတ်ဖြတ်ခံခဲ့ပြီးနောက် စစ်ကောင်စီတပ်သားအင်အား (၃၀) ခန့်က မောင်မယ်ရှောင်ကျေးရွာကို စစ်ကြောင်းထိုးဝင်ရောက်လာပြီး အသက် (၃၀) အရွယ် ကိုသားဂန်း၊ အသက် (၂၉) နှစ်အရွယ် ကိုမျိုးဆွေနှင့် အသက် (၁၄) နှစ်အရွယ် မောင်အပုကျူ တို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

တွေ့ရှိခဲ့သည့်အလောင်းမှာ ကိုသားဂန်း၏အလောင်းဖြစ်ကြောင်း ဒေသခံမျက်မြင်တစ်ဦးက ပြောသည်။

အောက်တိုဘာလ (၁၀) ရက်နေ့တွင်လည်း ကိုမျိုးဆွေ၏အင်္ကျီအရောင်နှင့်ဆင်တူသည့် အင်္ကျီအရောင်ကိုဝတ်ဆင်ထားသည့် ရုပ်အလောင်းကို ဒေသခံများက တွေ့ရှိခဲ့ပြီး ကိုမျိုးဆွေ၏ရုပ်အလောင်းဟုတ်မဟုတ်ကိုမူ မွန်လူထုအသံက အတည်ပြုနိုင်ခြင်း မရှိချေ။

“ဖမ်းခံရပြီးနောက်တစ်နေ့ (အောက်တိုဘာ (၂) ရက်နေ့) မှာ ခေါင်းမပါတဲ့ အလောင်းတစ်လောင်းလည်း တွေ့ရတယ်။ မောင်ပုကျူရဲ့မိသားစုဝင်တွေက သွားကြည့်တော့ သူတို့သားအဖမ်းခံရတဲ့နေ့က အဝတ်အစားနဲ့ မတူဘူးဆိုတော့ ဘာမှအတည်မပြုနိုင်ဘူး” ဟု မိသားစုဝင်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။

မောင်မယ်ရှောင်ကျေးရွာသည် စစ်ကောင်စီတပ်က အထိုင်ချတပ်စွဲထားသည့်ကျေးရွာဖြစ်ပြီး ရွာသားများကို ဖမ်းဆီးခြင်း၊ လူသားဒိုင်းအဖြစ် အသုံးပြုခြင်းနှင့် ဖမ်းဆီးထားသူများကို ငွေကြေးဖြင့် ပြန်လည်ရွေးခိုင်းခြင်းများ လုပ်ဆောင်လေ့ရှိသည်။

# ရင်ဲကျေးရွာကို စစ်ကြောင်းဝင်ရောက်လာခြင်းကြောင့် ရွာ(၄)ရွာမှ ပြည်သူများ ထွက်ပြေးနေရ




**အောက်တိုဘာ ၁၁၊ ၂၀၂၃**

၂၀၂၃ အောက်တိုဘာလ (၉) ရက်နေ့တွင် တနင်္သာရီတိုင်း ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ရင်ဲကျေးရွာကို စစ်ကောင်စီ စစ်ကြောင်း ထပ်မံဝင်ရောက်လာသဖြင့် အနီးအနားကျေးရွာ (၄) ရွာမှ ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရပြီး နေအိမ်များလည်း မီးရှို့ဖျက်ဆီးခံနေရကြောင်း သိရသည်။

သရက်ချောင်းမြို့နယ် မင်းဒပ်ကျေးရွာရှိ ဘုန်းကြီးကျောင်းတွင် စခန်းကျနေသော စစ်ကောင်စီတပ်ဖွဲ့ဝင် (၆၀) ခန့်က ရင်ဲကျေးရွာသို့ စစ်ကြောင်းထိုးဝင်ရောက်လာခြင်း ဖြစ်သည်။

“ရွာထဲကိုဝင်လာတဲ့အချိန်မှာ လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပစ်တာ။ ရွာသားတစ်ယောက်လည်း ထွက်ပြေးတဲ့အချိန် စစ်ကြောင်းနဲ့တိုးလို့ အဖမ်းခံလိုက်ရတယ်။ သူ့ကို လက်နောက်ပြန်ကြိုးတုပ်ပြီး စစ်ကြောင်းရှေ့က သွားခိုင်းတယ်။ သူတို့ စစ်ကြောင်းထိုးရင် လူသားဒိုင်းအနေနဲ့ ဖမ်းသွားလေ့ရှိတယ်” ဟု ကျောက်ခမောက်ကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

အဆိုပါစစ်ကြောင်းကြောင့် ရင်ဲ၊ ကျောက်ခမောက်၊ ကနက်သီရိ၊ ကွဲမင်းကုန်းကျေးရွာများရှိ ဒေသခံပြည်သူအယောက် (၆၀၀) နီးပါး ဘေးလွတ်ရာထွက်ပြေးနေရပြီး ရင်ဲရွာမှ လူနေအိမ် (၈) လုံးကို စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာလ (၂၉) ရက်နေ့မှ အောက်တိုဘာလ (၃) ရက်နေ့အတွင်း အဆိုပါကျေးရွာ (၄) ကျေးရွာကို စစ်ကြောင်းထိုးဝင်ရောက်ခဲ့ပြီး ယခုအောက်တိုဘာ (၉) ရက်နေ့တွင်လည်း ထပ်မံဝင်ရောက်လာခြင်း ဖြစ်သည်။

“တပ်ဆုတ်သွားလိုက်၊ ရွာသားတွေ ပြန်ဝင်လာရင် စစ်ကြောင်းထပ်ထိုးလိုက်နဲ့ ပြည်သူကို သပ်သပ်ညှဉ်းပန်းနေတာ။ အိမ်လည်း မွှေနေတာ အခါခါဖြစ်နေပြီ။ သူတို့စစ်တပ်က ဘာတွေထပ်လိုချင်နေလဲ မသိဘူး” ဟု ရင်ဲရွာမှ အမျိုးသမီးတစ်ဦးက ပြောသည်။

ယင်းစစ်ကြောင်းသည် အောက်တိုဘာလ (၅) ရက်နေ့က ဝဲရစ်ရွာနှင့် ကမြိုင်ရွာကို ဝင်ရောက်ခဲ့ပြီး နေအိမ်အလုံး (၁၀၀) ကျော်ကို မွှေနှောက်ကာ ရွှေ၊ ငွေ၊ လက်ကိုင်ဖုန်းနှင့် အခြားအဖိုးတန်ပစ္စည်းများကို လုယက်ယူဆောင်သွားကြောင်း ဒေသခံသတင်းအရင်းအမြစ်များက ပြောသည်။

# ပိုင်ဆိုင်မှုအထောက်အထားမခိုင်လုံသဖြင့် ရွာသားများ ချေးငွေရပိုင်ခွင့် ဆုံးရှုံး



**အောက်တိုဘာ ၂၀၊ ၂၀၂၃**

လူမှုစီးပွားလုပ်ငန်းများအတွက် သက်ဆိုင်ရာဘဏ်များတွင် ချေးငွေလျှောက်ထားခွင့်ရှိသော်လည်း မွန်ပြည်နယ် ကျေးလက်ဒေသများရှိ ဒေသခံပြည်သူများတွင် ပိုင်ဆိုင်မှုအထောက်အထား(ဂရမ်)များ ခိုင်လုံမှုမရှိသဖြင့် ချေးငွေရပိုင်ခွင့် ဆုံးရှုံးနေကြောင်း ဒေသခံများက ပြောသည်။

"ကားပဲဖြစ်ဖြစ် အိမ်ပဲဖြစ်ဖြစ် ခြံပဲဖြစ်ဖြစ် ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံပြည့်စုံရင် ဘဏ်ကနေ ချေးငွေယူလို့ရတယ်။ ဒါပေမဲ့ ရွာတွေဘက်မှာတော့ ပိုင်ဆိုင်မှုအထောက်အထားတွေက မရှိတော့ ချေးငွေယူလို့ မရဘူး" ဟု မော်လမြိုင်မြို့မှ ကမ္ဘောဇဘဏ်အကျိုးဆောင်တစ်ဦးက ပြောသည်။

အိမ်ဖြစ်စေ ကားဖြစ်စေ ခြံဖြစ်စေ ပိုင်ဆိုင်မှုအထောက်အထားတွင် မိမိ၏ကိုယ်ပိုင်နာမည် အမည်ပေါက်ဖြစ်မှသာ ဘဏ်များက ချေးငွေထုတ်ပေးမည်ဖြစ်သည်။ အထောက်အထားခိုင်လုံပါက ပိုင်ဆိုင်မှုတန်းဖိုး၏ (၅၀) ရာခိုင်နှုန်းကို ချေးငွေထုတ်ပေးသည်ဟု ဆိုသည်။

သို့သော် ကျေးလက်ဒေသတွင် အိမ်ခြံမြေများကို မိရိုးဖလာနည်းဖြင့်သာ အဆင့်ဆင့်ရောင်းဝယ်လာခြင်းနှင့် အစိုးရကအသိအမှတ်ပြုသည့် ပိုင်ဆိုင်မှုအထောက်အထားများ လျှောက်ထားရာတွင် ခက်ခဲကြန့်ကြာနေခြင်းနှင့် ငွေကုန်ကြေးကျများခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများတွင် တရားဝင်ပိုင်ဆိုင်မှုအထောက်အထား ခိုင်ခိုင်မာမာ မရှိချေ။

"ခုလိုကြပ်တည်းတဲ့ကာလမှာ ချေးငွေရရင်တော့ အများကြီးသက်သာတာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ပိုင်ဆိုင်မှုအများစုက ဂရမ်စာရွက်မရှိဘူး။ အိမ်တွေ ခြံတွေမှာ ဘာဂရမ်စာရွက်မှ မရှိဘူး။ ဘဏ်မှာ အပေါင်ထားဖို့ဆို သူတို့က လက်မခံဘူး။ မြို့ပေါ်ကလူနဲ့ ရွာကလူ အခြေအနေမတူဘူး" ဟု သံဖြူဇရပ်မြို့နယ်မှ အမျိုးသားတစ်ဦးက ပြောသည်။

ယခုကာလသည် စီးပွားရေးကြပ်တည်းသည့်ကာလဖြစ်သည့်အတွက် လုပ်ငန်းရှင်များဖြစ်စေ သာမန်ပြည်သူများဖြစ်စေ ငွေးချေးရယူလိုမှု မြင့်တက်လာသော်လည်း ပိုင်ဆိုင်မှုအထောက်အထား ပြဿနာသည် ကျေးလက်ပြည်သူများ ချေးငွေရယူရာတွင် အတားအဆီးတစ်ခု ဖြစ်နေသည်။


မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

# မွန်ညီညွတ်ရေးပါတီ၏မှတ်ပုံတင်ခွင့်ကို စစ်ကောင်စီက ခွင့်မပြုသေးသော်လည်း တာဝန်ရှိသူများက အကောင်းမြင်



အောက်တိုဘာ ၉၊ ၂၀၂၃

၂၀၂၃ မတ်လ (၁၅) ရက်နေ့ကတည်းက ပါတီမှတ်ပုံတင်ခွင့်လျှောက်ထားခဲ့သည့် မွန်ညီညွတ်ရေးပါတီကို စစ်ကောင်စီ၏ရွေးကောက်ပွဲကော်မရှင်က တစ်စုံတရာ အကြောင်းပြန်ကြားခြင်း မရှိသော်လည်း ပါတီတာဝန်ရှိသူများက အဆိုပါကိစ္စအပေါ် စိုးရိမ်စိတ်မရှိ အကောင်းမြင်နေဆဲဖြစ်ကြောင်း သိရသည်။

"ဥက္ကဋ္ဌတွေပြောတာကတော့ ရွေးကောက်ပွဲကော်မရှင်ပဲပြောပြော စစ်ကောင်စီပဲပြောပြော သူတို့က မွန်ညီညွတ်ရေးပါတီမှတ်ပုံတင်ခွင့်ကို ချကိုချပေးရမှာပဲတဲ့။ အဲကြောင့် သူတို့လည်း ဘာမှထပ်မလုပ်တော့ဘူးတဲ့။ သူတို့သဘောကတော့ သူတို့ရွေးကောက်ပွဲလုပ်ရင် မွန်ပါတီ မပါလို့မရဘူး အဲလိုမြင်နေတာပေါ့" ဟု ဗဟိုအလုပ်မှုဆောင်အဖွဲ့က ပြောသည်။

စစ်ကောင်စီကပြဋ္ဌာန်းလိုက်သည့် ရွေးကောက်ပွဲဥပဒေအသစ်ကြောင့် မွန်ညီညွတ်ရေးပါတီအနေဖြင့် ပြည်ထောင်စုအဆင့်ပါတီဖြင့် ရပ်တည်ရန် ဖြစ်နိုင်ဘဲ ပြည်နယ်အဆင့်ပါတီဖြင့်သာ ရပ်တည်ရန် ၂၀၂၃ ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် မော်လမြိုင်မြို့ ပါတီဌာနချုပ်ရုံး၌ ကျင်းပသည့် ဗဟိုကော်မတီအစည်းအဝေးက ဆုံးဖြတ်ခဲ့သည်။

၂၀၂၃ မတ်လ (၁၅) ရက်နေ့တွင် မွန်ညီညွတ်ရေးပါတီက ပြည်နယ်အဆင့်နိုင်ငံရေးပါတီအဖြစ် ရပ်တည်ရန် မှတ်ပုံတင်ခွင့် လျှောက်ထားခဲ့သော်လည်း (၈) လနီးပါးကြာမြင့်လာသည်အထိ တိုးတက်မှုတစ်စုံတရာ မရှိချေ။

"မွန်ပါတီမပါဘဲ ရွေးကောက်ပွဲလုပ်ရဲရင် လုပ်ပေါ့။ မွန်ပါတီမပါတဲ့ရွေးကောက်ပွဲကို အများက တစ်မျိုးမြင်ကြမှာပဲ။ ကျွန်တော်တို့ပါတီကတော့ ဒီလိုပဲမြင်တယ်။ မှတ်ပုံတင်ချ,မချကတော့ သူတို့တာဝန်ပဲ။ အဲကြောင့် ကျွန်တော်တို့က မလိုက်ဘူး" ဟု ဗဟိုအလုပ်မှုဆောင်အဖွဲ့က ဆက်ပြောသည်။

ပြီးခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲတွင် မွန်ညီညွတ်ရေးပါတီက ပြည်ထောင်စုအဆင့်နိုင်ငံရေးပါတီအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရန်ကုန်၊ ပဲခူး၊ တနင်္သာရီ၊ မွန်နှင့် ကရင်ဒေသများရှိ မြို့နယ် (၁၇) မြို့နယ်တွင် ပါတီရုံးများ ဖွင့်လှစ်ထားသည်။

# ကျောက်ကညာတွင် စစ်တပ်ကဝင်ရောက်တပ်စွဲသဖြင့် ဒေသခံများ ကြောက်ရွံ့ထွက်ပြေး




**အောက်တိုဘာ ၁၁၊ ၂၀၂၃**

၂၀၂၃ အောက်တိုဘာလ (၉) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကျောက်ကညာကျေးရွာတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဝင်ရောက်တပ်စွဲစခန်းချလာခြင်းကြောင့် ဒေသခံပြည်သူများက စိုးရိမ်ကြောက်လန့်ပြီး ထွက်ပြေးတိမ်းရှောင်နေကြကြောင်း သိရသည်။

တလိုင်းယာတပ်ရင်း (၄၀၆) နှင့် (၄၀၇) မှ စစ်အင်အား (၂၀) ခန့်က တောလမ်းမှတဆင့် ကျောက်ကညာကျေးရွာသို့ စစ်ကြောင်းထိုးဝင်ရောက်လာပြီး လူမနေသည့်နေအိမ်တစ်လုံးတွင် စခန်းချနေထိုင်နေကြသည်။

“သူတို့လာတဲ့တောလမ်းမှာ စစ်ဘေးရှောင်ရွာသားအယောက် (၃၀) လောက်ကို မြင်တော့ ဖမ်းခေါ်လာတယ်။ ရွာထဲရောက်တော့ ပြန်လွှတ်ပေးလိုက်တယ်” ဟု ကျောက်ကညာရွာသားတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ကျောက်ကညာကျေးရွာ၌ သက်ကြီးပိုင်းများသာ ကျန်ရှိနေပြီး လူငယ်အများစုမှာ ထွက်ပြေးတိမ်းရှောင်နေရကြောင်း ၎င်းက ဆက်ပြောသည်။

“ရွာခံတွေကိုလည်း တောထဲဘက်မသွားခိုင်တော့ ရွာထဲမှာပဲ ကြောက်ကြောက်နဲ့နေ,နေရတယ်” ဟု ကျေးရွာတွင်ကျန်ရစ်ခဲ့ရသူတစ်ဦးက ပြောသည်။

အောက်တိုဘာ (၇) နှင့် (၈) ရက်နေ့များတွင်လည်း ကျောက်ကညာလေကြောင်းရန်ကာကွယ်ရေးတပ်က ရွာသား (၂၄) ဦးကို ဖမ်းဆီးထားပြီး ယနေ့အချိန်အထိ ပြန်လည်လွှတ်ပေးခြင်းမရှိသကဲ့သို့ မည်သည့်နေရာတွင် ဖမ်းဆီးထားသည်ကိုလည်း မသိရှိရကြောင်း ဒေသခံများက ပြောသည်။

“ပြီးခဲ့တဲ့ဩဂုတ်လကလည်း အဲလေကြောင်းရန်တပ်က လူတွေ ဖမ်းသွားသေးတယ်။ ငွေပေးပြီး သွားရွေးခဲ့ရတာ။ ထောင်ကျသွားတဲ့သူလည်း ရှိတယ်။ အခုထပ်ဖမ်းတဲ့အထဲမှာ အရင်ကဖမ်းသွားတဲ့လူတွေလည်း ပါတယ်” ဟု ထွက်ပြေးလာသည့်လူငယ်တစ်ဦးက ပြောသည်။



မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

# စစ်အုပ်ချုပ်ရေးကြေညာထားသည့် ရေးမြို့နယ်တွင် အမျိုးသမီးများ ပစ်မှတ်ထားလုယက်ခံနေရ




**အောက်တိုဘာ ၁၀၊ ၂၀၂၃**

စစ်ကောင်စီက စစ်အုပ်ချုပ်ရေးနှင့် ညမထွက်ရအမိန့် ထုတ်ပြန်ကြေညာထားသည့် ရေးမြို့နယ်တွင် လက်ကိုင်ဖုန်း၊ ပိုက်ဆံအိတ်၊ လက်ဝတ်ရတနာနှင့် ဆိုင်ကယ်များ မကြာခဏ လုယက်ခံနေရပြီး အဆိုပါလုယက်မှုများတွင် အမျိုးသမီးများကို ပစ်မှတ်ထားကျူးလွန်နေကြောင်း သိရသည်။

၂၀၂၃ ဩဂုတ်လ (၃၀) ရက်နေ့တွင် ရေးမြို့ ရွှေဆံတော်အနောက်ဘက်လမ်း နေမျိုးရာဇာဆေးခန်းအနီးတွင် ဆိုင်ကယ်စီးလာသူ အမျိုးသား (၂) ဦးက အမျိုးသမီးတစ်ဦးထံမှ ပိုက်ဆံအိတ်ကို လုယက်ခဲ့သည်။ စက်တင်ဘာလ (၁) ရက်နေ့တွင်လည်း ရေးမြို့ ရန်ကြီးအောင် (ခ) လမ်းရှိ Wave Money ဆိုင်မှ ပိုက်ဆံထုတ်ပြီး ပြန်လာသည့်အမျိုးသမီးတစ်ဦးထံမှ ငွေကျပ် (၄) သိန်းကျော်နှင့် လက်ကိုင်ဖုန်း (၁) လုံးကို ဆိုင်ကယ်စီးလာသူ လူငယ် (၂) ဦးက လုယက်ခဲ့ပြန်သည်။

စက်တင်ဘာလ (၁၉) ရက်နေ့တွင် ရေးမြို့ အောင်မင်္ဂလာ ရပ်ကွက် ရေး-အစင်သွားလမ်းပေါ်ရှိ ဆန်းမြတ်ထွန်းတည်းခိုခန်း အနီး၌ အမျိုးသမီး (၁) ဦး ထပ်မံလုယက်ခံရသည်။ ငွေချေး ကုမ္ပဏီတစ်ခုသို့ ငွေသွင်းရန်လာစဉ် လူငယ် (၂) ဦးကို ၎င်း၏ဆိုင်ကယ်ကို ကန်ကျောက်မှောက်ပစ်ပြီး ပါလာသည့်ငွေကို လုယက်ခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာလ (၈) ရက်နေ့တွင်လည်း အမျိုးသမီးတစ်ဦးသည် ရေးမြို့ရှိ ဆွေမျိုးများထံမှ ငွေကျပ် (၁၀) သိန်း ချေးငှားပြီး ရွာသို့ ပြန်လာစဉ် ကတိုးဘုန်းကြီးကျောင်းအရောက်တွင် အမျိုးသား (၃) ဦးက ခားထောက်လုယက်ခဲ့သည်။

“အခုကျူးလွန်သူတွေက အမျိုးသမီးတွေကို ပစ်မှတ်ထားပြီး လုနေတာ။ နောက်ဆုံးအလုခံရတဲ့အမျိုးသမီး (၂) ယောက်ဆို ဆိုင်ကယ်ကို ကန်မှောက်ပစ်တာ။ အောက်တိုဘာ (၈) ရက်နေ့ကဆိုလည်း ခားထောက်ပြီး ပိုက်ဆံလုတယ်” ဟု ရေးမြို့ခံတစ်ဦးက ပြောသည်။

ရေးမြို့နယ်တွင် ခိုးမှု၊ ဖောက်ထွင်းမှုနှင့် လုယက်မှု အများအပြား ဖြစ်ပွားနေပြီး ဒေသခံပြည်သူများက ရဲစခန်းသို့ သွားရောက်တိုင်ကြားကြသော်လည်း အမှုဖွင့်အရေးယူခြင်း၊ ဖမ်းဆီးခြင်းများ မရှိချေ။

“ကျွန်တော်တို့ရေးမြို့နယ်မှာက ပိုက်ဆံလုယက်မှုတွေ အများကြီးဖြစ်နေတယ်။ အဲ့ပြဿနာက နေ့တိုင်းဖြစ်နေတယ်” ဟု ရေး မြို့နယ် ကော့လှိုင်းကျေးရွာမှ အမျိုးသားတစ်ဦးက ပြောသည်။

# လောင်းလုံးတွင် လူနေအိမ်ပေါ် လက်နက်ကြီးမကြာခဏ ကျနေသဖြင့် ဒေသခံများ စိုးရိမ်ထိတ်လန့်




**အောက်တိုဘာ ၁၃၊ ၂၀၂၃**

၂၀၂၃ အောက်တိုဘာလ (၅) ရက်နေ့မှ (၁၀) ရက်နေ့အထိ တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် သဲပုံတောင်တပ်စခန်းမှ စစ်ကောင်စီတပ်က အနီးအနားဝန်းကျင်ရှိ ကျေးရွာများကို နေ့ရောညပါ လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့ပြီး လက်နက်ကြီးကျည်များသည် လူနေအိမ်များပေါ်သို့ မကြာခဏကျရောက်ပေါက်ကွဲနေသဖြင့် ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်လာကြောင်း သိရသည်။

"ညဘက် မိသားစုတွေ အိပ်တဲ့အချိန်ဆို လက်နက်ကြီးက ကိုယ့်အိမ်ပေါ် ဘယ်နေ့ကျမလဲတွေးပြီး စိုးရိမ်နေရတယ်" ဟု လောင်းလုံးမြို့နယ်ဒေသခံတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်မေလကတည်းက သဲပုံတောင်စခန်းမှ စစ်ကောင်စီတပ်သည် ညဘက်တွင် မီးရောင်မြင်တွေ့ခြင်းနှင့် သွားလာလှုပ်ရှားမှုပြုခြင်းများရှိပါက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်လေ့ရှိကြောင်း ဒေသခံများက ပြောသည်။

"အောက်တိုဘာလ (၆) ရက်နေ့ ည (၈) နာရီခွဲလောက်မှာ လက်နက်ကြီးက ကျွန်တော်တို့အိမ်နောက်က ခြံထဲကို ကျလာတာ။ ခုလည်း လက်နက်ကြီးကျတဲ့ ခြံကို မသွားရဲသေးဘူး။ စစ်ကောင်စီကလည်း အဲဘက်ကိုလာတဲ့သူတွေ့ရင် ပစ်မယ်လို့ ပြောထားလို့ ခုချိန်ထိ သွားမကြည့်ရသေးဘူး" ဟု မင်းရပ်ရွာဒေသခံတစ်ဦးက ပြောသည်။

လောင်းလုံးမြို့နယ် မင်းရပ်နှင့် အနီးအနားကျေးရွာများတွင် ပြီးခဲ့သည့်အောက်တိုဘာလ (၅) ရက်နေ့က စစ်ကောင်စီတပ်များကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များကတိုက်ခိုက်ခဲ့ပြီး တိုက်ခိုက်မှုနောက်ပိုင်း စစ်ကောင်စီတပ်က ကျေးရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။

"ညဘက် မိသားစုတွေ အိပ်တဲ့အချိန်ဆို လက်နက်ကြီးက ကိုယ့်အိမ်ပေါ် ဘယ်နေ့ကျမလဲတွေးပြီး စိုးရိမ်နေရတယ်"

# သေနတ်ပြောင်းဝကထွက်လာသည့် ဥပဒေ







**အောက်တိုဘာ ၅၊ ၂၀၂၃**

"ကျွန်မသားက စစ်ကောင်စီဒလန်လုပ်ရင် သတ်ပစ်လိုက်။ ဖြေသာသေးတယ်။ အခုက လုံးဝ မဟုတ်ပါဘူး။ ကျွန်မတို့ကို လုပ်ကျွေးနေတာပါ။ ရက်စက်လိုက်တာ" ဟု ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့၏သတ်ဖြတ်ခြင်းကို ခံခဲ့ရသူတစ်ဦး၏ မိခင်ဖြစ်သူက ငိုကြွေးရင်ပြောသည်။

၂၀၂၃ ဇူလိုင်လမှ စက်တင်ဘာလအထိ စစ်ကောင်စီသတင်းပေး ဒလန် (၇) ဦးကို ဖမ်းဆီးသတ်ဖြတ် ခဲ့ကြောင်း လောင်းလုံးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က စက်တင်ဘာလ (၂၆) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဇူလိုင်လတွင် သက်တော် (၆၄) နှစ်အရွယ် မယ်သီလရှင်တစ်ဦးနှင့် ဒေသခံပြည်သူ (၃) ဦးကို လည်းကောင်း၊ ဩဂုတ်နှင့် စက်တင်ဘာလများတွင် အသက် (၂၀) ကျော်အရွယ်ရှိ အမျိုးသား (၂) ဦး ကိုလည်းကောင်း ဖမ်းဆီးသတ်ဖြတ်ခဲ့သည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လောင်းလုံးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၏လုပ်ရပ်ကို သတ်ဖြတ်ခံရသူများ၏မိသားစုဝင် များသာမက အခြားတော်လှန်ရေးအင်အားစုများကလည်း ပြစ်တင်ဝေဖန်ခဲ့သည်။

"ဒလန်လို့စွပ်စွဲပြီး သေနတ်ပြောင်းဝကထွက်လာတဲ့ကျည်ဆန်နဲ့ သတ်ဖြတ်ခွင့်မရှိဘူး။ ဒါဟာ အကြမ်းဖက်လုပ်ရပ်ပဲ။ စစ်ရာဇဝတ်မှုကျူးလွန်ရာလည်း ရောက်တယ်" ဟု နိုင်ငံရေးတက်ကြွ လှုပ်ရှားသူတစ်ဦးက ဝေဖန်ထောက်ပြပြောဆိုသည်။

ဇူလိုင်လ (၁၆) ရက်နေ့တွင် ထားဝယ်မြို့ ဝဲကျွန်းညောင်ရမ်းရပ်ကွက် ကုသိနာရုံဘုရားလမ်းတွင် နေထိုင်သူ မယ်သီလရှင် ဒေါ်နန္ဒာစာရီနှင့် ၎င်း၏ဇရပ်ကိုပြုပြင်ပေးနေသူ ဦးအောင်မိုးတို့သည် လောင်းလုံးမြို့နယ် ကဒက်ငယ်ထိန်ရွာရှိ မြောက်ကျောင်းဆရာတော်အား သွားရောက်ဖူးမြော်ပြီး အပြန်လမ်းတွင် ပျောက်ဆုံးသွားခဲ့သည်။

"ဘုန်းကြီးကျောင်းမှာတုန်းက အဆက်အသွယ်ရသေးတယ်။ ပြန်လာတော့မယ်လို့တောင် ပြောနေသေးတယ်။ အဲ့နောက်ပိုင်း အဆက်အသွယ်မရတော့တာ။ ကျွန်တော်တို့က အဖွဲ့တစ်ဖွဲ့က ဖမ်းထားတာ ထင်နေတယ်။ ထုတ်ပြန်ချက်တွေ့မှ သေပြီဆိုတာ သိရတယ်" ဟု ဒေါ်နန္ဒာစာရီ၏ သားတပည့်ဖြစ်သူက ပြောသည်။

ဒေါ်နန္ဒစာရီနှင့် ဦးအောင်မိုးတို့သည် သာသနာကိုခုတုံးလုပ်ပြီး စစ်ကောင်စီသတင်းပေးအဖြစ် လုပ်ကိုင်နေကြောင်း လောင်းလုံးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်က စွပ်စွဲထားသည်။

ဩဂုတ်လ (၆) ရက်နေ့တွင် လောင်းလုံးမြို့နယ် ဝေဒီရွာနေ အသက် (၃၃) နှစ်အရွယ် မဝါဝါကို စစ်ကောင်စီ လုပ်ငန်းများတွင် ပူးပေါင်းပါဝင်သည်ဟု စွပ်စွဲကာ လောင်းလုံးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်က သတ်ဖြတ်ခဲ့သည်။

"အဒေါ့်သမီး အပြစ်လုပ်ထားတာ ဘာတစ်ခုမှ မရှိဘူး။ ရွာထဲမှာ ကြိုက်တဲ့သူမေးလို့ရတယ်။ သူသာ အပြစ်လုပ်ထားရင် ရွာမှာနေရဲပါ့မလား" ဟု မဝါဝါ၏ မိခင်ဖြစ်သူက ပြောသည်။

စက်တင်ဘာလ (၁၄) ရက်နေ့တွင် အင်းဇောက်ကျေးရွာနေ အသက် (၂၀) အရွယ်လူငယ် (၂) ဦးဖြစ်သည့် ကိုနေရဲစိုး (ခ) ကိုတောက်တောက်နှင့် ကိုအောင်နိုင်ရှိန် (ခ) ကိုငယ်ငယ်တို့ကို ပျူစောထီးခေါင်းဆောင် မနုသိန်း၏ လူယုံများဟုဆိုကာ  လောင်းလုံးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်က သတ်ဖြတ်ခဲ့ပြန်သည်။

"ကျွန်မသားက စစ်တပ်မြင်ရင်တောင် ပြေးပုန်းနေရတဲ့လူတစ်ယောက်ပါ။ ဖမ်းဆီးပြီးရင်လည်း အရင်စစ်ဆေးမေးမြန်းရမှာမလား။ ဘာအပြစ်မှမရှိတဲ့ ကျွန်မသားကို သတ်လိုက်တာ ပိုပြီးခံစားရတယ်" ဟု ကိုတောက်တောက်၏ မိခင်ဖြစ်သူက ပြောသည်။

လောင်းလုံးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်က သတ်ဖြတ်ခဲ့သူများ၏ ရုပ်အလောင်းများကို မိသားစုဝင်များက ပြန်လည်ရရှိခြင်း မရှိချေ။

"ပစ်သတ်ခဲ့ပြီးရင်တောင် အလောင်းတော့ ပြန်ရမှာပါလို့ မျှော်လင့်နေခဲ့တာ" ဟု ကိုတောက်တောက်၏ မိဘနှစ်ဦးက ပြောသည်။

၂၀၂၃ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများအတွင်း စစ်ကောင်စီတပ်နှင့် လောင်းလုံးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ သတ်ဖြတ်မှုကြောင့် ဒေသခံပြည်သူ အယောက် (၂၀) သေဆုံးခဲ့ပြီး အမည်မသိလက်နက်ကိုင်အဖွဲ့က သတ်ဖြတ်မှုကြောင့် ဒေသခံ (၁၈) ဦး သေဆုံးခဲ့သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်သူတွေကြားမှာ ဝေဖန်သံတွေ ကျယ်ကျယ်လောင်လောင် ထွက်လာတယ်။ တော်လှန်ရေးကာလတစ်လျှောက်လုံး သိက္ခာရှိရှိနဲ့ရပ်တည်လာတာ ဒီကိစ္စကြောင့် အကုန်လုံး သဲထဲရေသွန်ဖြစ်သွားပြီ" ဟု လောင်းလုံမြို့နယ်မှ တော်လှန်ရေးရဲဘော်တစ်ဦးက ပြောသည်။

# ကျိုက်မရောတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲသဖြင့် ကလေးအပါအဝင်(၃)ဦး ဒဏ်ရာရ



**စက်တင်ဘာ ၂၈၊ ၂၀၂၃**

၂၀၂၃ စက်တင်ဘာလ (၂၇) ရက်နေ့ ည (၁၀) နာရီဝန်းကျင် အချိန်တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကနာလိုကျေးရွာ၌ လက်နက်ကြီး (၂) လုံး ကျရောက်ပေါက်ကွဲခဲ့သဖြင့် ကလေးငယ် (၁) ဦးအပါအဝင် ဒေသခံပြည်သူ (၃) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မည်သည့်တိုက်ပွဲမျှ ဖြစ်ပွားခဲ့မရှိဘဲ လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး နေအိမ် (၂) လုံးနှင့် မော်တော်ယာဉ် (၁) စီးလည်း ထိခိုက်ပျက်စီးခဲ့သည်။

“လူကြီး (၂) ယောက်ကတော့ ခြေထောက်မှာ ဒဏ်ရာနည်းနည်းရသွားတယ်။ ကလေးက အသက် (၉) နှစ်ခွဲ၊ တတိယတန်းကျောင်းသား။ သူက ဒဏ်ရာများတယ်။ ကျိုက်မရောဆေးရုံက မနိုင်လို့ မော်လမြိုင်ဆေးရုံကို ပို့ရမယ်” ဟု ကနာလိုရွာခံတစ်ဦးက ပြောသည်။

ယခုအကြိမ် ကနာလိုကျေးရွာတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ဒေသခံရွာသူရွာသားများမှာ စိုးရိမ်ကြောက်ရွံ့လျက်ရှိကြောင်း သိရသည်။

“ရွာမှာ တိုက်ပွဲဖြစ်တာလည်း မရှိဘူး။ အခုက ဘယ်အဖွဲ့ကလုပ်တာလည်း မသိဘူး” ဟု ရွာခံတစ်ဦးက ပြောသည်။

# ပုလောတွင် နေအိမ်အလုံး(၃၀)ကျော် မီးရှို့ခံရပြီး ပြည်သူထောင်ချီ စစ်ဘေးရှောင်နေရ



**စက်တင်ဘာ ၂၇၊ ၂၀၂၃**

တနင်္သာရီတိုင်း ပုလောမြို့နယ်တွင် ပြီးခဲ့သည့်စက်တင်ဘာလ ဒုတိယအပတ်မှစ၍ စစ်ကောင်စီတပ်က အင်အားဖြည့်တင်းမှု ပြုလုပ်နေပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့်လည်း တိုက်ပွဲများ ဖြစ်ပွားနေသည်။

စစ်ကောင်စီတပ်က ဒေသခံများကို ဖမ်းဆီးခြင်း၊ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ပြုလုပ်လာသည်။ လက်ရှိအချိန်အထိ ပုလောမြို့နယ်တွင် နေအိမ်အလုံး (၃၀) ကျော် မီးရှို့ဖျက်ဆီးခံထားရပြီး လက္ကူးကျေးရွာအုပ်စု မဒေါင်နှင့် ပြင်းဖြူရွာ၊ တိုကျေးရွာအုပ်စု ပိတပ်ရွာများမှ ဒေသခံပြည်သူ (၂,၆၀၀) ဦး ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

“တိုက်ပွဲဖြစ်တာနဲ့ စစ်ကောင်စီ ရွာထဲလူတွေကို ဖမ်းတာပဲ။ အဲရွာတွေက ရွာကြီးတွေဖြစ်တော့ အကူအညီလည်း အများကြီးလိုတာပေါ့။ အဓိက,က စားနပ်ရိက္ခာပဲ” ဟု စစ်ရှောင်ပြည်သူများကို ကူညီပေးနေသူတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်က အရပ်သားပြည်သူအယောက် (၂၀၀) ကျော်ကို ဖမ်းဆီးခဲ့ပြီး ဒေသခံပြည်သူ (၅) ဦးကိုလည်း ပစ်သတ်ခဲ့သည်ဟု ဒေသခံများက ပြောသည်။

တနင်္သာရီတိုင်း ပုလောမြို့နယ်သည် စစ်အုပ်ချုပ်ရေးကြေညာထားသည့်မြို့နယ် ဖြစ်ပြီး တနင်္သာရီတိုင်းတွင် စစ်ဘေးရှောင်ပြည်သူအများဆုံးရှိသည့် မြို့နယ်လည်း ဖြစ်သည်။

# ၂၀၂၃ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ်၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ(၉)လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း

## စစ်ဘေးဒုက္ခသည်၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်







စစ်ဘေးဒုက္ခသည်= (၃၆၇၉၀) ဦး၊ ဒဏ်ရာအနာတရ = (၁၁၃) ဦး၊ သတ်ဖြတ်မှု = (၄၉) ဦး







စစ်ဘေးဒုက္ခသည်= (၁၀၄၂၀၀) ဦး၊ ဒဏ်ရာအနာတရ = (၁၅၂) ဦး၊ သတ်ဖြတ်မှု = (၆၄) ဦး







စစ်ဘေးဒုက္ခသည်= (၉၉၈၀၀) ဦး၊ ဒဏ်ရာအနာတရ = (၂၀၇) ဦး၊ သတ်ဖြတ်မှု = (၈၆) ဦး

# ဘီးလင်းတွင် လက်နက်ကြီးကျသဖြင့် မသန်စွမ်းအရပ်သား (၁)ဦး ဒဏ်ရာရ




အောက်တိုဘာ ၄၊ ၂၀၂၃

၂၀၂၃ အောက်တိုဘာလ (၁) ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် လေးကေကျေးရွာထဲသို့ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့ရာ မသန်စွမ်းအရပ်သားပြည်သူ (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်ခဲ့သည်။

လေးကေရွာအခြေစိုက် စစ်ကောင်စီတပ်စခန်းကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက အောက်တိုဘာလ မနက်ပိုင်းတွင် သွားရောက်တိုက်ခိုက်ခဲ့ပြီး ထိုတိုက်ခိုက်မှုပြီးနောက် စစ်ကောင်စီတပ်က ကျေးရွာအတွင်းသို့ လက်နက်ကြီး (၄) လုံး ပစ်ခတ်ခဲ့သည်။

လက်နက်ကြီးကျည်များသည် ကျေးရွာဘုန်းကြီးကျောင်းနှင့် အနီးအနားရှိရော်ဘာခြံများအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဘုန်းကြီးကျောင်းတွင် အိပ်စက်နေသူ အသက် (၂၈) နှစ်အရွယ် မသန်စွမ်းအမျိုးသား (၁) ဦး ကျည်စထိမှန်ဒဏ်ရာရခဲ့သည်။

“စစ်တပ်က သူတို့ကို KNU က လာတိုက်ရင် ရွာကို လက်နက်ကြီးနဲ့ ပစ်မယ် ပြောထားတာ။ အဲနေ့က သူတို့အတိုက်ခံရတော့ ရွာထဲကို လက်နက်ကြီးပစ်တော့တာပဲ။ စောပုတုကို ထိသွားတယ်။ သူက ခြေတစ်ဖက် မကောင်းဘူး။ အသက်အန္တရာယ်တော့ မစိုးရိမ်ရပါဘူး” ဟု လေးကေဒေသခံတစ်ဦးက ပြောသည်။

လက်နက်ကြီးပစ်ခတ်မှုကြောင့် လေးကေဒေသခံတစ်ချို့ ထွက်ပြေးတိမ်းရှောင်မှုများ ရှိနေပြီး ကျေးရွာတွင်ကျန်ရစ်ခဲ့သူများမှာလည်း ဖုံးခိုကျင်းတွင် ပုန်းအောင်းနေကြရသည်ဟု သိရသည်။

“စစ်တပ်က သူတို့ကို KNU က လာတိုက်ရင် ရွာကို လက်နက်ကြီးနဲ့ပစ်မယ် ပြောထားတာ။ အဲနေ့က သူတို့ အတိုက်ခံရတော့ ရွာထဲကို လက်နက်ကြီးပစ်တော့တာပဲ။ စောပုတုကို ထိသွားတယ်။ သူက ခြေတစ်ဖက် မကောင်းဘူး။ အသက်အန္တရာယ်တော့ မစိုးရိမ်ရပါဘူး”

# တက္ကသိုလ်ကျောင်းသားတစ်ဦးကို စစ်ကောင်စီက ထောင်ဒဏ်(၁၅)နှစ် ချမှတ်



**အောက်တိုဘာ ၁၉၊ ၂၀၂၃**

၂၀၂၃ အောက်တိုဘာလ (၁၆) ရက်နေ့တွင် တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ထားတက္ကသိုလ်မှ အသက် (၂၁) နှစ်အရွယ်တက္ကသိုလ်ကျောင်းသားဖြစ်သူ ကိုလင်းထင်ဖြိုးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ကူညီထောက်ပံ့သည်ဟုဆိုကာ ထားဝယ်ခရိုင်တရားရုံးက ထောင်ဒဏ် (၁၅) နှစ် ချမှတ်လိုက်ကြောင်း သိရသည်။

ကိုလင်းထက်ဖြိုးသည် ဒဿနိကဘာသာအထူးပြု ဒုတိယနှစ်ကျောင်းသားတစ်ဦး ဖြစ်ပြီး ၂၀၂၃ ဇူလိုင်လ (၂၆) ရက်နေ့တွင် ထားဝယ်မြို့ ညောင်ရမ်းတောင်ရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ၎င်းကို စစ်ကောင်စီက အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) နှင့် ၅၂(က) တို့ဖြင့် အမှုဖွင့်ခဲ့သည်။

“ကိုလင်းထက်ဖြိုးရဲ့ဖုန်းမှာ ပြည်သူ့ကာကွယ်ရေးတပ်နဲ့ ဆက်သွယ်ထားတာတွေ့တယ်တဲ့။ ခရိုင်တရားသူကြီးက အမိန့်ဖတ်တဲ့အချိန်မှာ ပြောသွားတယ်။ အခုအမိန့်က အပြီးသတ်အမိန့်ပဲ” ဟု ဒေသခံသတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

တရားရုံးအမိန့်အရ ပုဒ်မ ၅၀(ည)ဖြင့် ထောက်ဒဏ် (၁၁) နှစ်နှင့် ပုဒ်မ ၅၂(က) ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၄) နှစ် စုစုပေါင်း ထောင်ဒဏ် (၁၅) နှစ် ချမှတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

အာဏာမသိမ်းမီကာလတွင် ကိုလင်းထက်ဖြိုးသည် တက္ကသိုလ်ကျောင်းပွဲများနှင့် ထားဝယ်မြို့ပေါ်ရှိ အပျော်တမ်းပွဲတော်များတွင် DJ တီးခတ်သူတစ်ဦး ဖြစ်သည်။

“

“ကိုလင်းထက်ဖြိုးရဲ့ဖုန်းမှာ ပြည်သူ့ကာကွယ်ရေးတပ်နဲ့ ဆက်သွယ်ထားတာတွေ့တယ်တဲ့။ ခရိုင်တရားသူကြီးက အမိန့်ဖတ်တဲ့အချိန်မှာ ပြောသွားတယ်။ အခုအမိန့်က အပြီးသတ်အမိန့်ပဲ”

# ကျုံလောင်းကျေးရွာအနီးတွင် တိုက်ပွဲဖြစ်၊ ဒေသခံပြည်သူတစ်ဦး သေဆုံး



**အောက်တိုဘာ ၂၀၊ ၂၀၂၃**

၂၀၂၃ အောက်တိုဘာလ (၂၀) ရက်နေ့ နံနက် (၆) နာရီအချိန်ခန့်တွင် မွန်ပြည်နယ် ရေးမြို့နယ် ကျုံလောင်း(ရွာသစ်)ကျေးရွာအနီးတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တို့ (၅) နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။

ရေးတံတားကြီးအနီးရှိ စစ်ကောင်စီဂိတ်စခန်းကို တော်လှန်ရေးအင်အားစုများက သွားရောက်တိုက်ခိုက်ရာမှ တိုက်ပွဲဖြစ်ပွားခြင်းဖြစ်ပြီး စစ်ကောင်စီက လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ရာ ဒေသခံပြည်သူများ ကြောက်လန့်တကြား ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

"ကျုံလောင်းရွာသစ်မှာ မနက် (၆) နာရီကနေ (၁၀) နာရီအထိ တိုက်ပွဲဖြစ်နေတယ်။ စစ်တပ်ဘက်က လက်နက်ကြီးအလုံး (၅၀) လောက် ပစ်ချတယ်။ ရွာသားတွေလည်း ကြောက်ပြီး ထွက်ပြေးကြတယ်။ ဝယ်ပေါင်ဘက်မှာ ရှောင်နေကြတယ်" ဟု ရေးမြို့ခံတစ်ဦးက ပြောသည်။

ကျုံလောင်းရွာသစ်ဒေသခံတစ်ဦးသည် တိုက်ပွဲမှထွက်ပြေးတိမ်းရှောင်ရာမှ လက်နက်ကြီးထိမှန် သေဆုံးခဲ့ကြောင်း ဒေသခံများက ပြောသည်။

"တိုက်ပွဲဖြစ်တဲ့အချိန် လက်နက်ကြီးအသံကြားလို့ နေအိမ်ကနေ ဆင်းပြေးတာ။ အဲမှာ ဆီးခုံကို လက်နက်စထိမှန်ပြီး ဆုံးသွားတယ်လို့ ကြားတယ်" ဟု အဆိုပါဒေသခံက ဆက်ပြောသည်။

လက်ရှိတွင် စစ်ကောင်စီတပ်က ရေးတံတားကြီးတွင် ဖြတ်သန်းသွားလာခွင့်ပိတ်ထားပြီး လုံခြုံရေးတင်းကြပ်ထားကြောင်း သိရသည်။

"အခုတံတားကြီး ပိတ်ထားတယ်။ ဖြတ်လို့မရဘူး။ ဘယ်အချိန်ပြန်ဖွင့်ပေးမလဲ မသိဘူး။ လောလောဆယ်တော့ ရွာသားတွေ အသွားအလာ သတိထားဆင်ခြင်ရမယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**"တိုက်ပွဲဖြစ်တဲ့အချိန် လက်နက်ကြီးအသံကြားလို့ နေအိမ်ကနေ ဆင်းပြေးတာ။ အဲမှာ ဆီးခုံကို လက်နက်စထိမှန်ပြီး ဆုံးသွားတယ်လို့ ကြားတယ်"**

## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

[illegible]

ပန်းတိုင်

နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်

ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့သိရှိနိုင်စေရန်

(၂) လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုကို ပညာပေး လှုံ့ဆော်ရန်

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်

## စာဖတ်သူမိတ်ဆွေများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း

ချစ်ခင်လေးစားအပ်ပါသော စာဖတ်သူမိတ်ဆွေများခင်ဗျား

[illegible]

ရိုသေလေးစားစွာဖြင့်

ဒါရိုက်တာ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org

www.rehmonnya.org

Human Rights Foundation of Monland - Burma

P.O Box 35,

Sangkhlaburi Post Office, Kanchanaburi 71240,

Thailand.